**ရွေးချယ်မှု**

မြို့မ အစွလာမ်ဝတ်ကျောင်းတော်တွင် ရှေ့ဆောင်ဆရာတစ်ဦး လိုနေပေသည်။ ထိုလစ်လပ်နေသော နေရာတွင် အလုပ်ရရှိရေး အတွက် လျှောက်လွှာတင်ထားသူများအား ဗလီဆရာ ရွေးချယ်ရေးအဖွဲ့ (ကျောင်းပိုင် ဂေါပကများ)က ခေါ်ယူ အင်တာဗျူး၍ အလုပ်ခန့်ထားမည် ဖြစ်၏။

ပထမဦးဆုံး– တစ်ယောက်အား ဂေါပကများက ပညာအရည်အချင်းနှင့် အကျင့်စာရိတ္တအား မေးမြန်းရာ–

သူက –**ကျွန်တော်ဟာ ကျမ်းမြတ်ကုရ်အံကို လုံးစေ့ပတ်စေ့နားလည်ပါတယ်။ ဟာဒီးဆ်တော်များကိုလည်း တတ်ကျွမ်းပါတယ်။ ကျွန်တော့ရဲ့ ကိုယ်ကျင့်တရားကို တရားတော်နှင့် အညီ နေနိုင်အောင် အမြဲကြိုးစားခဲ့ပါတယ်။ ဟု ဖြေလိုက်ရာ–**

ဂေါပကများက– အေး၊ မင်းမဆိုးဘူး၊ ဒါပေမယ့် ဒီဗလီကျောင်းကို လာတဲ့သူတွေက ကျမ်းမြတ်ကုရ်အံနဲ့ ဟာဒီးဆ်တော်ကို နားလည်ကြတာ မဟုတ်ဘူး၊ ဒီတော့ မင်းအတွက် တရားဟော တရားနာ အဖေါ်ရှိမှာ မဟုတ်ဘူးကွ၊ ငါတို့ စဉ်းစား လိုက်ဦး မယ်လို့ အဖြေပေးလိုက်၏။

ဒုတိယလူ– **ကျွန်တော်က ကျမ်းမြတ်ကုရ်အံကိုလည်း နားလည်ပါတယ်။ ခေတ်ပညာလည်းတတ်ပါတယ်။ အခြားသော ဘာသာများကိုလည်း အကျွမ်းတဝင် လေ့လာထားပါတယ်။ ကိုယ်ကျင့်တရားကတော့ ကြီးမားတဲ့ ပြစ်မှုဆိုလို့ ဘာမှ မလုပ်ခဲ့ပါ ဘူး။**

ဂေါပကများက– ဟော၊ မင်းလည်း ဇော်ပါလား၊ ပညာက မသေးဘူးဘဲ၊ ဒါပေမယ့် ငါတို့ ဗလီမှာ လိုချင်တဲ့ ရှေ့ဆောင်ရဲ့ အရည် အချင်းတွေထဲမှာ အဲ့ဒါတွေ မပါဘူး၊ အခြားနေရာတွေမှာ မင်းအနေနဲ့ အလုပ်လျှောက်ကြည့်ပါ။ လို့ ပညာရှိနည်းနဲ့ ပါယ်ချ လိုက်ပြန်၏။

နောက်ဆုံးလူ– **ကျွန်တော်က ကျမ်းမြတ်ကုရ်အံကို နားမလည်ပေမယ့် အသံကောင်းကောင်းနဲ့ ဖတ်နိုင်ပါတယ်။ ဆရာစဉ် ဆက်ပြောခဲ့တဲ့ ပုံပြင် ဒဏ္ဍာရီတွေကို ဟန်နဲ့ပန်နဲ့ ပြောနိုင်ပါတယ်။ ယောက်ျားလေးပီပီ တစ်ခါတစ်ခါ မိန်းမမြင်ရင် ငေးမိတာ ရှိပါတယ်၊ ဒါက ယောကျားပီသတဲ့အတွက် ကိုယ်ကျင့်တရား ပျက်တယ်လို့ မဆိုနိုင်ပါ– နောက်ပြီး–––**

ဂေါပကများ – ရပြီ၊ ရပြီ မင်းအရည်အချင်းတွေကို ကြိုက်ပြီ၊ ဆက်ပြောနေဘို့ မလိုတော့ဘူး၊ ဗလီဆရာဆိုတာ ဒါမျိုးမှပေ့ါ။ –

ဟု ဆိုလျှက်၊ လိုလိုလားလား ရှေ့ဆောင်ဆရာအဖြစ် တင်မြှောက်လိုက်တော့၏။

ကိုပေါက်